# ချင်းဝိသေသတိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့ နည်းဥပဒေများ

## အမှတ် ၁၆

### အပိုင်း ၁

### ရာထူးခန့်ထားရေး

၁။ ။ ဤနည်းဥပဒေများကို **၁၉၆၁ ခုနှစ်၊ ချင်းဝိသေသတိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် “ ဝန်ထမ်းအဖွဲ့ ” ဟု ရည်ညွှန်းသည့်ချင်းဝိသေသတိုင်းဝန်ထမ်း (အငယ်တန်း) အဖွဲ့ သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍-

(က) စာမေးပွဲယှဉ်ပြိုင်ဖြေဆိုခြင်း၊ သို့တည်းမဟုတ် အပြိုင်အဆိုင်ရွေးချယ်ခြင်းစံနစ်ဖြင့်၎င်း၊

(ခ) အစိုးဌာနအားလုံးတွင် အမှုထမ်းရွက်လျက်ရှိသော စာရေးစာချီများအနက်၊ သင့်လျော်သောသူ များကို အမည်တင်သွင်းစေပြီးလျှင်၊ ၎င်းတို့အထဲမှ ရွေးချယ်ခြင်းဖြင့်၎င်းခန့်ထားရမည်။

**မှတ်ချက်**။ ။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည်၊ ထိုသို့ ရွေးချယ်ရာတွင် အထောက်အထားရရှိနိုင်ရန်အ လို့ငှါ၊ ရေးဖြေစာမေးပွဲကိုသော်၎င်း၊ နှုတ်ဖြေစာမေးပွဲကိုသော်၎င်း၊ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲနှစ်ရပ်စလုံး ကိုသော်၎င်း၊ ပြဋ္ဌာန်းနိုင်သည်။

၃။ ။ သာမန်အားဖြင့် ဝန်ထမ်းအဖွဲ့တွင် လစ်လပ်သောရာထူးများအနက် လေးပုံးသုံးပုံကိုစာမေးပွဲယှဉ် ပြိုင်ဖြေဆိုခြင်း၊ သို့တည်းမဟုတ် အပြိုင်အဆိုင်ရွေးချယ်ခြင်းစံနစ်ဖြင့်ခန့်အပ်၍၊ ကျန်လေးပုံတပုံကို စာ ရေးစာချီများထဲမှ အမည်တင်သွင်းစေပြီး၊ ရွေးချယ်ခြင်းဖြင့်ခန့်အပ်ရမည်။

၄။ ။ နည်းဥပဒေ ၂၊ အပိုဒ် (က) အရ ရာထူးခန့်ထားခြင်းခံလိုသူသည်-

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏နိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(ဂ) မြန်မာစာကိုကောင်းမွန်စွာတတ်ကျွမ်းရမည်။

(ဃ) စာမေးပွဲဖြေဆိုသည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင်အသက် ၂၁ နှစ်ပြည့်ပြီးဖြစ်၍၊ ၂၇ နှစ်ထက် မကျော်လွန်စေရ။ သို့ရာတွင် ထိုသူသည် အစိုးရအမှုထမ်းဖြစ်လျှင် စာမေးပွဲဖြေဆိုသည့်နှစ်၊ ဇန္နဝါရီလ ၁ရက်နေ့တွင် အသက် ၂၁ နှစ်ပြည့်ပြီးဖြစ်၍၊ အသက် ၃၅ နှစ်ထက်မကျော်လွန်စေရ။

(င) ရန်ကုန်တက္ကသိုလ်မှဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက အသိအမှတ် ပြုထားသော အ ခြားတက္ကသိုလ်မှဖြစ်စေ ဥပစာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(စ) ရာထူးခန့်ထားရန်အတွက် ကျန်းမာခြင်းနှင့် ညီညွတ်သည်ဟုသတ်မှတ်ထားသည့်ပုံစံဖြင့်ခရိုင်ဆရာ ဝန်ကြီး၏ထောက်ခံခြင်းခံရသူဖြစ်ရမည်။

၅။ ။ နည်းဥပဒေ ၂၊ အပိုဒ် (ခ) အရ အမည်တင်သွင်း၍ ခန့်ထားခြင်းခံရသူသည်-

Myanmar Law Information System (MLIS)

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရမည်။

(ခ) ရွေးချယ်သည့်နှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင်အသက် ၂၇ နှစ် ပြည့်ပြီးဖြစ်၍၊ ၃၅ နှစ်ထက် မကျော် လွန်စေရ။

(ဂ) အစိုးရလက်အောက်တွင် အဆက်မပြတ် ၇ နှစ်ထက် မနည်းအမှုထမ်းရွက်ခဲ့သူဖြစ်ရမည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

(င) မြန်မာစာကိုကောင်းမွန်စွာတတ်ကျွမ်းရမည်။

(စ) မိမိအမှုထမ်းဆောင်နေသည့် ရုံး၏အကြီးအကဲဖြစ်သူအရာရှိကထောက်ခံထားသူဖြစ်ရမည်။

(ဆ) ရာထူးခန့်ထားရန်အတွက် ကျန်းမာခြင်းနှင့် ညီညွတ်သည်ဟု သတ်မှတ်ထားသည့် ပုံစံဖြင့်ခရိုင် ဆရာဝန်ကြီး၏ ထောက်ခံခြင်းခံရသူဖြစ်ရမည်။

## အပိုင်း ၂

## အမှုထမ်းစည်းကမ်းများ

၆။ ။ နည်းဥပဒေ ၂ အရ၊ ရာထူးခန့်ထားခြင်းခံရသူအသီးသီးကိုယေဘုယျအားဖြင့် ရှေးဦးစွာအစမ်းခန့် ထား၍၊ ထိုသူသည်-

(က) အစမ်းခန့်ကာလ ၂ နှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးလျှင်ငင်း၊

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည် စာတွေ့နှင့် လက်တွေ့သင်တန်းကို ကျေနပ်ဘွယ်ဖြစ် လောက်အောင် ပြီးဆုံးသည်အထိ မတက်ရောက်ရသေးလျှင်ငင်း၊

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် ဌာနဆိုင်ရာစာမေးပွဲများကိုမအောင်မြင်သေးလျှင်ငင်း၊

(ဃ) လုပ်ရည်ကိုင်ရည်၊ အရည်အချင်း၊ အပြုအမူ၊ အကျင့် စာရိတ္တအစရှိသည့်အချက်တို့ကို အထောက် အထားပြု၍၊ မိမိအား အထက်အရာရှိများက အမြဲတန်း ခန့်အပ်ရန် သင့်လျော်ကြောင်းဖြင့် အစီရင်မခံ ထားသေးလျှင်ငင်း ထိုသူကိုရာထူးတွင်အမြဲတန်းမခန့်ထားရ။

၇။ ။ ချင်းရေးရာဝန်ကြီးသည်၊ အစမ်းခန့် ထားခြင်းခံရသူတဦးအား မည်သည့်အချိန်၌မဆို ရာထူးမှရပ် စဲစေနိုင်သည်၊ သို့တည်းမဟုတ် ထိုသူလက်ရှိထားခွင့်ရသော ရာထူးတွင် ပြန်လည်ထမ်းရွက်စေနိုင်သည်။ ဤအာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အစမ်းခန့်ထားခြင်းခံရသည့်အရာရှိတဦးသည်၊ မိမိ အား စတင်ခံအပ်သည့် နေ့ရက်မှစ၍၊ သုံးနှစ်အတွင်း ရာထူးတွင် အမြဲတန်းခန့်ထားခြင်းမခံရလျှင်၊ ချင်း ရေးရာဝန်ကြီးသည်၊ ထိုသူအား ဆိုခဲ့သည်အတိုင်းအရေးယူရမည်။

၈။ ။ (၁) နည်းဥပဒေ ၂၊ အပိုဒ် (က) အရ၊ အပြိုင်စာမေးပွဲဖြေဆိုခြင်းဖြင့်ခန့်ထားခြင်းခံရသူများကို ဝင်ရောက်ဖြေဆိုသောစာမေးပွဲတွင်မိမိတို့ရရှိသည့်အမှတ်များရာအလိုက်ရာထူးဆူကြုံနိမ့်မြင့်စာရင်းတွင်စီစဉ်သတ်မှတ်ရမည်။

(၂) နည်းဥပဒေ ၂၊ အပိုဒ် (ခ) အရ၊ စာရေးစာချီအချင်းချင်း အပြိုင်စာမေးပွဲဖြေဆို၍ခန့်ထားခြင်းခံရသူ များကို ဝင်ရောက်ဖြေဆိုသောစာမေးပွဲတွင် မိမိတို့ရရှိသည့် အမှတ်များအလိုက် ရာထူးဆူကြုံနိမ့်မြင့် စာရင်းတွင်စီစဉ်သတ်မှတ်ရမည်။

Myanmar Law Information System (MLIS)

(၃) နည်းဥပဒေ ၂၊ အပိုဒ် (က) အရ၊ အပြိုင်စာမေးပွဲဖြင့် ပြင်ပမှတိုက်ရိုက်ခန့်ထားခြင်းခံရသူများကို ၎င်းတို့ခန့်ထားခြင်းခံရသည့် နေ့ရက်မှစတင်၍၊ ၁၂ လအတွင်း နည်းဥပဒေ ၂၊ အပိုဒ် (ခ) အရ စာရေးစာချီအချင်းချင်း အပြိုင်စာမေးပွဲဖြေဆို၍ ခန့်ထားခြင်းခံရသူများအပေါ်တွင် ရာထူးဆူကြေးနိမ့်မြင့် စာရင်း၌ စီစဉ်သတ်မှတ်ရမည်။

၉။ ။ ဝန်ထမ်းအဖွဲ့ဝင်များ၏ လစာနှုန်းထားများမှာ ၎င်းတို့၏ ရာထူးနှင့် အလားတူသည့်ရာထူးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ဖြစ်စေရမည်။

၁၀။ ။ ဤနည်းဥပဒေများ စတင်အာဏာတည်ပြီးနောက်တွင် ခန့်ထားခြင်းခံရသော အစမ်းခန့်အရာရှိများသည်၊အစမ်းခန့်ကာလအတွင်း၌သတ်မှတ်ထားသောလစာနှုန်းထားတွင်အနည်းဆုံးလစာကိုသာရရှိရမည်။အစမ်းခန့်အရာရှိများကိုအမြဲတန်းခန့်ထားသည့်အခါ၊ထိုအရာရှိများ၏လစာကိုထိုလစာ နှုန်းထားတွင် ၎င်းတို့သာမန်အားဖြင့်ရောက်ရှိမည့်အဆင့်၌သတ်မှတ်ရမည်။ သို့ရာတွင် ထိုသို့ရရှိသည့် နှစ်တိုးလစာများအတွက် အစမ်းခန့်ကာလအတွင်း၌ မထုတ်ယူခဲ့ရသောလစာကျန်ငွေကို ထုတ်ယူခွင့်မပြု ရ။

၁၁။ ။ (၁) ဤနည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူဤနည်းဥပဒေများ စတင်အာဏာမတည်မီက ချင်းရေးရာဝန်ကြီးဌာနလက်အောက်တွင် မြို့အုပ်၊ ငွေတိုက်မြို့အုပ်၊ လက်ထောက် ငွေတိုက်မြို့အုပ်၊ သို့တည်းမဟုတ် ထိုရာထူးများနှင့် အဆင့်အတန်းတူညီသော ရာထူးများ၌ ယာယီအမှုထမ်းအဖြစ် အမှု ထမ်းရွက်ခဲ့သော အရာရှိများ သည်၊ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံပါက ချင်းရေးရာဝန်ကြီး သည်၊ ၎င်းတို့အား ဝန်ထမ်းအဖွဲ့တွင် ဤကိစ္စအလို့ငှါ အဖွဲ့စည်းထားသော ရာထူးတိုးတက်ပေးရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် အမြဲတန်းအရာရှိများအဖြစ် ခန့်ထားနိုင်သည်။

(က) အဆိုပါရာထူးများ၌ ယာယီအမှုထမ်းအဖြစ် သုံးနှစ်ထက်မနည်းအမှုထမ်းရွက်ပြီးဖြစ်ရမည်။

(ခ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် စာတွေ့နှင့်လက်တွေ့ သင်တန်းကို ကျေနပ်ဘွယ် ဖြစ်လောက် အောင် ပြီးဆုံးသည်အထိ တက်ရောက်ပြီးဖြစ်ရမည်။

(ဂ) အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့် ဌာနဆိုင်ရာစာမေးပွဲများကိုအောင်မြင်ရမည်။

(ဃ) လုပ်ရည်ကိုင်ရည်၊ အရည်အချင်း၊ အပြုအမူ၊ အကျင့်စာရိတ္တအစရှိသည့် အချက်တို့ကို အထောက်အထားပြု၍ အမြဲတန်းခန့်အပ်ရန်သင့်တော်ကြောင်း မိမိအား အထက်အရာရှိများက အစီရင် ခံထားပြီးဖြစ်ရ မည်။

(၂) ဤနည်းဥပဒေများ စတင် အာဏာတည်ပြီးသည့်နောက်တွင် ဝန်ထမ်းအဖွဲ့သို့ခန့်ထားမည့်အရာရှိ များကို ဤနည်းဥပဒေများအရ သာခန့်ထားရမည်။

၁၂။ ။ ချင်းရေးရာဝန်ကြီးသည်၊ ဝန်ထမ်းအဖွဲ့တွင် အမြဲတန်းခန့်ထားရေးနှင့်စပ်လျဉ်း၍၊ အကြံဉာဏ်များပေးနိုင်ရန်အလို့ငှါ၊ရာထူးတိုးတက်ပေးရေးအဖွဲ့တခုကိုဖွဲ့စည်းရမည့်ပြင်ထိုအဖွဲ့ကလိုက်နာရမည့်လုပ်ငန်းဆောင်တာစည်းကမ်းနည်းလမ်းများကိုလည်း အခါအားလျော်စွာသတ်မှတ် ရမည်။

၁၃။ ။ ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းချက်မပါရှိသော ကိစ္စရပ်များတွင် အလားတူ အဆင့်အတန်းရာထူး၌ထမ်းရွက်နေကြသည့် ပြည်ထောင်စုနိုင်ငံတော်အစိုးရ၏ အရာရှိများအတွက်ပြဋ္ဌာန်းထားသော စည်းမျဉ်းများသည်၊ သို့တည်းမဟုတ် နည်းဥပဒေများသည်၊ ယေဘုယျအားဖြင့် ဝန်ထမ်းအဖွဲ့ဝင်များနှင့် သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။

Myanmar Law Information System (MLIS)

အမိန့်အရ၊

တွမ်မှုန်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ချင်းရေးရာဝန်ကြီးဌာန၊

Myanmar Law Information System (MLIS)